ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အားလုံးတစ်ပေါင်းတည်းကျော်လွှားခြင်း

# COVID-19

# စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်

၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက်

# မာတိကာ



| | | |
|---|---|---|
| ဥယျောဇဉ် | | ၃ |
| အတိုကောက်စာလုံးများ | | ၅ |
| အကျဉ်းချုပ် | | ၆ |
| ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ | | ၈ |
| **ပန်းတိုင်(၁)-** | **ငွေကြေးဆိုင်ရာ ပြုပြင်ဆောင်ရွက်မှုများ ဆောင်ရွက်ခြင်းဖြင့် မက်ခရိုစီးပွားရေး ဝန်းကျင် တိုးတက်ကောင်းမွန်စေရေး** | ၈ |
| ၁.၁- | ငွေကြေးဆိုင်ရာ ပံ့ပိုးမှုများ ဆောင်ရွက်ပေးခြင်း | ၈ |
| **ပန်းတိုင်(၂)-** | **ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် ဘဏ်လုပ်ငန်းကဏ္ဍများ ပိုမိုလွယ်ကူချောမွေ့စေခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍအပေါ် သက်ရောက်မှုများ လျော့နည်းစေခြင်း** | ၈ |
| ၂.၁- | ပုဂ္ဂလိကကဏ္ဍရှိလုပ်ငန်းများအပေါ်သက်ရောက်မှုများလျော့နည်းစေခြင်း | ၈ |
| ၂.၂- | ဘဏ်လုပ်ငန်းကဏ္ဍအပေါ်ဆိုးကျိုးသက်ရောက်မှုများလျော့နည်းစေခြင်း | ၁၁ |
| ၂.၃- | ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း | ၁၁ |
| ၂.၄- | နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ခြင်း | ၁၂ |
| **ပန်းတိုင်(၃)-** | **အလုပ်သမားများအပေါ်ဆိုးကျိုးသက်ရောက်မှုများလျော့နည်းစေခြင်း** | ၁၂ |
| ၃.၁- | အလုပ်သမားများအပေါ်ဆိုးကျိုးသက်ရောက်မှုများလျော့နည်းစေရန်ဆောင်ရွက်ခြင်း | ၁၂ |
| **ပန်းတိုင်(၄)-** | **အိမ်ထောင်စုများအပေါ်ဆိုးကျိုးသက်ရောက်မှုများလျော့နည်းစေခြင်း** | ၁၃ |
| ၄.၁- | အိမ်ထောင်စုများအပေါ်ဆိုးကျိုးသက်ရောက်မှုများလျော့နည်းစေရန်ဆောင်ရွက်ခြင်း | ၁၃ |
| **ပန်းတိုင်(၅)-** | **တီထွင်ဆန်းသစ်သည့်ထုတ်ကုန်များထုတ်လုပ်နိုင်ရန်အားပေးမြှင့်တင်ဆောင်ရွက်ခြင်း** | ၁၄ |
| ၅.၁- | တီထွင်ဆန်းသစ်သည့်ထုတ်ကုန်များထုတ်လုပ်နိုင်ရန်အားပေးမြှင့်တင်ဆောင်ရွက်ခြင်း | ၁၄ |
| **ပန်းတိုင်(၆)-** | **ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ပိုမိုအားကောင်း ခိုင်မာလာစေရန် ဆောင်ရွက်ခြင်း** | ၁၄ |
| ၆.၁- | ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုကောင်းမွန်လာစေရေးအတွက် အစိုးရ၏ အသုံးစရိတ်များနှင့် စည်းမျဉ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်း | ၁၄ |
| **ပန်းတိုင်(၇)-** | COVID-19 ကြောင့်ထိခိုက်မှုရှိနေသော လုပ်ငန်းများကို ငွေကြေးပံ့ပိုးမှုများ ပိုမိုတိုးမြှင့်ပေးနိုင်ရေး (အရေးပေါ်ရန်ပုံငွေအပါအဝင်) | ၁၆ |
| ၇.၁- | COVID-19 ရန်ပုံငွေနှင့် အရေးပေါ်ရန်ပုံငွေများ ပိုမိုတိုးမြှင့်ရရှိနိုင်ရေး | ၁၆ |
| **အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့်အရင်းအမြစ်များပံ့ပိုးပေးခြင်း** | | ၁၇-၂၃ |

# ဥယျောဇဉ်



ကျွန်မတို့ နိုင်ငံရဲ့ သမိုင်းမှာ ပထမဦးဆုံးအကြိမ် အဖြစ် နိုင်ငံသားအားလုံးရဲ့ အသက်ရှင်သန် နေထိုင်ရေးနဲ့ အသက်မွေး ဝမ်းကျောင်း ပြုနိုင်ရေးတို့အပေါ် ကြိုတင်မြင်နိုင်စွမ်းမရှိတဲ့ ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရပါတယ်။ လက်ရှိဖြစ်ပွားနေတဲ့ COVID-19 ကပ်ရောဂါဟာ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှင့် သာယာ ဝပြောမှုအပေါ် ဆိုးရွားတဲ့ အကျိုးသက်ရောက်မှုတွေ ရှိနေသလို မြန်မာတစ်မျိုးသားလုံးရဲ့ ကျန်းမာရေးနှင့် စီးပွားရေးတို့အပေါ်မှာလည်း မကြုံစဖူးစိန်ခေါ်မှုများ ဖြစ်ပေါ်လျက် ရှိနေပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ မည်သည့်စီးပွားရေးကဏ္ဍမျိုးကမှ ယခုအခြေအနေ ကိုရှောင်လွှဲနိုင်မှာ မဟုတ်ပါ။

COVID-19 လို ကိစ္စမျိုး ရင်ဆိုင်ဖြတ်သန်းခဲ့ဘူးတဲ့ အတွေ့အကြုံမျိုး အတိတ်မှာမရှိခဲ့ သော်လည်း ယခုအချိန်မှာ ကျွန်မတို့ ဒီ COVID-19 ကပ်ဆိုးကြီးကို အတူလက်တွဲတွန်းလှန်ဖို့ ဆောင်ရွက်နေကြရတဲ့ အခြေအနေဖြစ်ပါတယ်။ ထိုသို့ ကျော်လွှားနိုင်ဖို့အတွက် ကျွန်မတို့ရဲ့ စုပေါင်းတုန့်ပြန်မှုဟာ ကျယ်ပြန့်ပြီး ပေါင်းစပ်ညှိနှိုင်းမှုအပြည့်ရှိရမှာဖြစ်ပါတယ်။ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ(၂)ရပ် လက်တွဲညီစွာ ဘက်စုံထောင့်စုံမှ ပူးပေါင်း ဆောင်ရွက်ပြီး၊ ဒေသတွင်းနှင့် နိုင်ငံတကာရှိ လူတစ်ဦးတစ်ယောက်ချင်းနှင့် အဖွဲ့အစည်းများ စုပေါင်းအားဖြင့် ကပ်ရောဂါ၏ စိန်ခေါ်မှုအသစ်ကို ပူးပေါင်းကျော်လွှားနိုင်မယ်လို့ ကျွန်မအနေဖြင့် ယုံကြည်ပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေး အလျင်အမြန် ပြန်လည်ကောင်းမွန်လာဖို့ အုတ်မြစ်ချနေစဉ် ကာလမှာ COVID-19 ကြောင့် မလွဲမသွေ ခံစားရမယ့် စီးပွားရေး အကျိုးအပြစ် တွေကို လျော့ပါး သက်သာစေဖို့အတွက် ရည်ရွယ်ပြီး ဒီ COVID-19 စီးပွားရေး ထိခိုက်မှုသက်သာရေး စီမံချက်ကို ကြိုးပမ်းဖော်ဆောင်ထားခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ စီးပွားရေး ပြန်လည်ကောင်းမွန်လာစေ ရေးအတွက် ဆောင်ရွက်ရာမှာ မူဝါဒအစီအမံများ အားလုံးကို အတတ်နိုင်ဆုံး ပြည့်စုံစွာ အသုံးပြု သွားမည့်အပြင် တစ်နိုင်ငံလုံး ပူးပေါင်းပါဝင်သည့် တုန့်ပြန်မှု (Coordinated Whole-of-Nation Response) ဖြင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

COVID-19 စီးပွားရေး ထိခိုက်မှုသက်သာရေး စီမံချက်ဟာ မည်သူတစ်ဦးတစ်ယောက် ကိုမျှ ချန်လှပ်ခြင်းမရှိစေဘဲ အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများအားလုံးအပေါ် ကပ်ရောဂါရဲ့ ဆိုးကျိုး သက်ရောက်မှုများကို လျော့ပါး သက်သာစေဖို့အတွက် ဟန်ချက်ညီညီ ဖြည့်ဆည်းဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ COVID-19 ကပ်ရောဂါကြောင့် လျော့နည်းသွားမည့် အခွန်ပမာဏမှာ များပြား နိုင်ပြီး ကြိုတင်ခန့်မှန်းထားတဲ့ အခွန်ငွေပမာဏကို မရရှိနိုင်တဲ့အတွက် ကပ်ရောဂါနှင့် ဆက်စပ်တဲ့ ကြေးအရင်းအနှီးနှင့် မူဝါဒဖော်ဆောင်ရေးတို့မှာသုံးစွဲရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေ

ပြန်လည် ခွဲဝေလွှဲပြောင်းသုံးစွဲခြင်းကို ကျွန်မတို့အနေဖြင့် မလွဲမသွေ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အခုလို ဘဏ္ဍာငွေပြန်လည်ခွဲဝေမှုကို ဆောင်ရွက်ရာမှာ လက်ရှိမြန်မာနိုင်ငံမှာ ရရှိထားတဲ့ အခြေခံလူမှုရေးနှင့် စီးပွားရေးဆိုင်ရာ လွတ်လပ်မှုများကို မထိခိုက်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ စီးပွားရေးတုန့်ပြန် ဆောင်ရွက်မှုများဟာ လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများကို ဖြတ်တောက်ခြင်းသာမက အလုပ်သမားများနှင့် ရင်းနှီးမြှုပ်နှံမှုများအပေါ် ကောက်ခံတဲ့ အခွန်အခများ တိုးမြှင့်ခြင်းတို့ကိုလည်း လုပ်ဆောင်သွားမှာ မဟုတ်ပါ။

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပွားလျက်ရှိတဲ့ COVID-19 ကပ်ရောဂါကြောင့် မြန်မာ့စီးပွားရေးနှင့်ပြည်သူလူထုအပေါ် များစွာထိခိုက်မှုများကို ဖြစ်ပေါ်စေခဲ့ပါတယ်။ လူတစ်ဦးတစ်ယောက်ချင်းစီနှင့် အိမ်ထောင်စုများမှာ ကြုံတွေ့ရလျက်ရှိတဲ့ စီးပွားရေးဆိုင်ရာ အခက်အခဲများ ကျော်လွှားနိုင်ရေးအတွက် လည်းကောင်း၊ ရောဂါကာကွယ်ရေး၊ ကုသထိန်းချုပ်ရေး မျက်နှာစာများတွင် နိုင်ငံ၏ သူရဲကောင်းများအဖြစ် ရှေ့တန်းတာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေး အတွက်လည်းကောင်း၊ နိုင်ငံ၏ မက်ခရိုစီးပွားရေး ပြန်လည်ကောင်းမွန်စေရေးနှင့် COVID-19 အလွန်အနာဂတ်ကာလတွင် စွမ်းဆောင်ရည်အပြည့်ဖြင့် အသင့်ရင်ဆိုင်နိုင်ရေးတို့အတွက်လည်းကောင်း ထိထိရောက်ရောက် ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။

ကျွန်မတို့နိုင်ငံရဲ့ ဂုဏ်ယူစရာသမိုင်းကြောင်း တစ်လျှောက်ကို ပြန်ကြည့်မယ်ဆိုရင် အရေးကြုံလာတိုင်း ကျွန်မတို့ပြည်သူများရဲ့ ခွန်အားနှင့် ခံနိုင်ရည်စွမ်းအားတို့အပေါ် မှီခို အားထားခဲ့ရတာကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်မတို့အားလုံးဟာ ယခုကြုံတွေ့နေရတဲ့ အခက်အခဲကို ရင်ဆိုင်ကျော်လွှားရာမှာ အတူတကွရှိနေရမှာ ဖြစ်ပါတယ်။ ဒီတစ်ကြိမ်တွင်လည်း ကျွန်မတို့ အနေနဲ့ တစ်ဦးအခက်အခဲကို တစ်ဦးက ကူညီသယ်ပိုး ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ပြည်သူများရဲ့ အမျိုးသားရေးစိတ်ဓါတ်၊ စာနာရိုင်းပင်းမှု၊ လှုံ့လဝီရိယရှိမှု၊ ထိုးထွင်းကြံဆနိုင်မှုများကြောင့် မြန်မာနိုင်ငံအနေဖြင့် အခက်အခဲများကို အောင်မြင်စွာကျော်ဖြတ်နိုင်လိမ့်မည်ဟု ကျွန်မအနေဖြင့် လေးနက်စွာယုံကြည်ပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်**

## အတိုကောက်စာလုံးများ

| | |
|---|---|
| **ADB** | အာရှဖွံ့ဖြိုးရေးဘဏ် |
| **AMC** | အရင်းအနှီးစီမံခန့်ခွဲမှုကုမ္ပဏီ |
| **BOT** | တည်ဆောက်-လည်ပတ်-လွှဲပြောင်း |
| **CERP** | Covid-19 ကပ်ရောဂါကြောင့်ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုအပေါ် ကုစားရေးစီမံချက် |
| **CMP** | အထည်ချုပ်လုပ်ငန်းများ |
| **COVID-19** | ကိုရိုနာဗိုင်းရပ်စ်ရောဂါ ၂၀၁၉ |
| **DACU** | ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ |
| **G2P** | အစိုးရ-ပြည်သူ |
| **GAD** | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| **GoM** | မြန်မာနိုင်ငံအစိုးရ |
| **ICU** | အထူးကြပ်မတ်ကုသဆောင် |
| **IMF** | နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ |
| **IRD** | ပြည်တွင်းအခွန်များဦးစီးဌာန |
| **JICA** | ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ |
| **KOICA** | ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ |
| **MADB** | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| **MCCT** | ကိုယ်ဝန်ဆောင်မိခင်များနှင့်၎င်းတို့မှမွေးဖွားသောအသက်၂ နှစ်အောက် ကလေးသူငယ်များအား ငွေကြေး ထောက်ပံ့ခြင်း အစီအစဉ် |
| **MEB** | မြန်မာ့စီးပွားရေးဘဏ် |
| **MFI** | အသေးစားငွေချေးလုပ်ငန်း |
| **MIFER** | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| **MoALI** | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| **MoCOM** | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| **MoCON** | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| **MoE** | ပညာရေးဝန်ကြီးဌာန |
| **MoEE** | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| **MoHS** | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန |
| **MoHT** | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန |
| **MoLIP** | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| **MoPFI** | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန |
| **MoSWRR** | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| **MSDP** | မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း |
| **MSME** | အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ |
| **NPL** | ပြန်မဆပ်နိုင်သောချေးငွေ |
| **PPE** | တစ်ကိုယ်ရည်ကာကွယ်ရေးဝတ်စုံ |
| **PPP** | အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု |
| **SSB** | လူမှုဖူလုံရေးအဖွဲ့ |
| **UN** | ကုလသမဂ္ဂ |
| **USAID** | အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ |
| **WHO** | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ |

# အကျဉ်းချုပ်

COVID-19 ကမ္ဘာ့ကပ်ရောဂါသည် ၁၉၃၀ ပြည့်နှစ် ကမ္ဘာ့စီးပွားရေးကပ် ဆိုက်ပြီးနောက် ကမ္ဘာ့စီးပွားရေးကို အဆိုးရွားဆုံး ထိခိုက်စေခဲ့သည့် ဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်း လူသန်းပေါင်းများစွာ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးစေခဲ့ခြင်း၊ အစိုးရဘဏ္ဍာငွေများ များစွာ လျော့နည်းစေခဲ့ခြင်း၊ ဘဏ္ဍာရေးဈေးကွက် မတည်ငြိမ်ခြင်းများ ဖြစ်ပေါ်စေသကဲ့သို့ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများလည်း ကျဆင်းစေခဲ့ပါသည်။ မူဝါဒဆိုင်ရာ တုံ့ပြန်ရေး အစီအမံများသည် မသေချာမှုများ လွှမ်းခြုံနေသည့် အခြေအနေတွင် ရေးဆွဲခဲ့ရသည့်အတွက် ရှုပ်ထွေးမှုများရှိနေသော်လည်း ဖန်တီးနိုင်စွမ်း (Creativity) များ ပေါ်ထွက်လာသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် COVID-19 ကပ်ရောဂါကြောင့် စီးပွားရေးဆိုးကျိုးသက်ရောက်မှုများကို ရှောင်လွှဲနိုင်မည်မဟုတ်ပေ။ မိမိတို့အနေဖြင့် COVID-19 ၏ သက်ရောက်မှုများဖြစ်သည့် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက် (Supply Chain) နှင့်ကုန်စည်စီးဆင်းမှု ယိုယွင်းပျက်စီးခြင်း၊ လက်လီဈေးကွက်နှင့် အပိုသုံးစွဲမှု (Discretionary Spending) ကျဆင်းခြင်း၊ ခရီးသွားလုပ်ငန်းများရပ်နားရလုနီးပါးဖြစ်ခြင်း၊ စားသုံးသူနှင့် ရင်းနှီးမြှုပ်နှံမှုများ ကျယ်ကျယ်ပြန့်ပြန့် ကျဆင်းသွားခြင်းတို့ကို ကြုံတွေ့နေရပါသည်။ ဤအခြေအနေများကို မြန်မာနိုင်ငံသားများ၏ ပင်ကိုယ်ဗီဇအရရဲရင့်စွာ ကြံ့ကြံ့ခံရင်ဆိုင်နေကြသည့်နည်းတူ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူများအတွက် ဆောင်ရွက်ပေးနိုင်သည့် ကိစ္စများနှင့် ဆောင်ရွက်ပေးရမည့်ကိစ္စများကို အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ လက်ရှိဖြစ်ပေါ်နေသည့် ပြဿနာများ၏ သက်ရောက်မှုကို ပိုမိုသက်သာကောင်းမွန်စေရန် ဆောင်ရွက်ရုံမျှမက မိမိတို့ ပြည်သူများလိုအပ်သည့် စီးပွားရေးစနစ်တစ်ရပ်ဆီသို့ ဦးတည်တွန်းအားပေးနိုင်သည့် ရေရှည် တည်တံ့သော လုပ်ငန်းစဉ်များနှင့် Institutions များကို ဖန်တီးနိုင်စေရန်လည်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

COVID-19 စီးပွားရေးထိခိုက်မှုသက်သာရေး စီမံချက်ကို ကပ်ရောဂါကြောင့် လက်ရှိရင်ဆိုင်နေရသည့် အရေးပေါ်ကိစ္စရပ်များကို ဖြေရှင်းနိုင်ရုံသာမက မြန်မာနိုင်ငံ၏ ကာလရှည် မဟာဗျူဟာရည်မှန်းချက်များနှင့် ကိုက်ညီမှုရှိစေရန် ချိတ်ဆက်ရေးဆွဲထားပါသည်။ ထို့အပြင် ထိရောက်မှုရှိသည့် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အကြံပြုချက်များနှင့်မူဝါဒများကို စီမံချက်တွင် ထည့်သွင်းဖော်ပြထားပါသည်။ လွန်ခဲ့သောနှစ်များအတွင်း မြန်မာနိုင်ငံ၏ ကြွေးမြီအခြေအနေကောင်းမွန်မှု၊ မက်ခရိုစီးပွားရေး အခြေအနေတည်ငြိမ်ခဲ့မှုတို့သည် လက်ရှိအခြေအနေတွင် နိုင်ငံ့ဘဏ္ဍာငွေအသုံးစရိတ်တိုးမြှင့်၍ အရင်းအမြစ်များ ပံ့ပိုးပေးနိုင်မည့် အခြေအနေကောင်းများ ဖြစ်ပေါ်စေပါသည်။ ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုပုံစံအသစ်ဖြင့်ဖြစ်စေ၊ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်ဖြစ်စေ အမှန်တကယ်လိုအပ်သည့်နေရာများသို့ ပံ့ပိုးပေးမည့် ထောက်ပံ့ငွေများကို လစ်ဟင်းမှုမရှိစေဘဲ

စနစ်တကျရောက်ရှိစေမည့် နည်းလမ်းများကိုလည်း စီမံချက်တွင် ထည့်သွင်းရေးဆွဲထားပါသည်။

ဤစီမံချက်တွင် COVID-19 ကပ်ရောဂါကြောင့် စီးပွားရေး ဆိုးကျိုးသက်ရောက်မှုများကို လျော့ပါးသက်သာစေရန်နှင့် မြန်မာ့စီးပွားရေးကျဆင်းမှုကို အလျင်အမြန် ပြန်လည်ဦးမော့လာစေရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းကောင်းများ ပါဝင်ပါသည်။

စီမံချက်ပါ မဟာဗျူဟာလုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံတွင် ကပ်ရောဂါဒဏ်ကို တွန်းလှန်ရန်အတွက် လိုအပ်နေသည့် အရင်းအမြစ်များကိုရရှိစေနိုင်မည့် အခြေခံအုတ်မြစ်သဖွယ်ဖြစ်ပြီး အနာဂတ်စီးပွားရေးအတွက် ရလဒ်ကောင်းများ၊ အောင်မြင်မှုများနှင့် ပိုမိုခိုင်မာသည့်မျှော်လင့်ချက်များကို ပေါ်ထွန်းလာစေမည့် စီမံချက်တစ်ခုဖြစ်ကြောင်း ယုံကြည်ပါသည်။

COVID-19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်တွင် ပန်းတိုင် ၇ ခု၊ မဟာဗျူဟာ ၁၀ ခု၊ လုပ်ငန်းစဉ် ၃၆ ခု နှင့် လုပ်ဆောင်ချက် ၇၈ ခု ပါဝင်ပြီး ပြည်သူတိုင်း သာမန်အသိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် မူဝါဒဆိုင်ရာ ဆောင်ရွက်ချက်များ၊ ထူးခြားသည့် အခြေအနေအရဆောင်ရွက်ရမည့် ဘဏ္ဍာရေးဆိုင်ရာ အစီအမံများ ပါဝင်ပါသည်။ စီမံချက်သည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးမှုမရှိစေဘဲ ရောဂါကူးစက်မှုကို လျော့နည်းစေနိုင်မည့် နည်းလမ်းများကို ဖော်ဆောင်ရန် အထောက်အပံ့ဖြစ်စေမည် ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်သည့်အတွက် ဤစီမံချက်ကို ပုံသေမထားဘဲ လိုအပ်သလို အစဉ်ပြင်ဆင်မွမ်းမံသွားမည့်စာတမ်း (Living Document) တစ်ခုအဖြစ် ရည်ရွယ်ထားပြီး အခြေအနေနှင့် အချိန်အခါပေါ်မူတည်၍ လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်သွားမည် ဖြစ်ပါသည်။

## ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

| လုပ်ငန်းအစီအစဉ် | | အချိန်ကာလ | ဆောင်ရွက်ရမည့် အဖွဲ့အစည်း |
|---|---|---|---|
| **ပန်းတိုင်(၁)- ငွေကြေးဆိုင်ရာကုစားမှုများ ဆောင်ရွက်ခြင်းဖြင့် မက်ခရိုစီးပွားရေးဝန်းကျင်တိုးတက်ကောင်းမွန်စေရေး** | | | |
| **၁.၁. ငွေကြေးဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်ပေးခြင်း** | | | |
| ၁.၁.၁ အတိုးနှုန်း လျှော့ချခြင်း | (က) ဘဏ်ချေးငွေနှင့် အပ်နှံငွေအများဆုံးအတိုးနှုန်း သတ်မှတ်ချက်ကို အနည်းဆုံး ၃ ရာခိုင်နှုန်းအထိ လျှော့ချပေးရန်။ | ဆောင်ရွက်ပြီး | မြန်မာနိုင်ငံတော် ဗဟိုဘဏ် |
| | (ခ)ရည်ညွှန်းသတ်မှတ်သည့် ဘဏ်တိုးနှုန်း အထက်နှင့်အောက်ဘောင် သတ်မှတ်၍ ဈေးကွက်အခြေအနေနှင့် လိုက်လျောညီထွေ ရှိစေမည့် ဘဏ်ချေးငွေနှင့် အပ်နှံငွေအတိုးနှုန်းကို သတ်မှတ်စေရန်။ | ဆောင်ရွက်ပြီး | မြန်မာနိုင်ငံတော် ဗဟိုဘဏ် |
| ၁.၁.၂.ဘဏ်များတွင် အနည်းဆုံး ထားရှိရန် လိုအပ်ချက်ကို လျှော့ချခြင်း | (က)ဘဏ်များတွင် အနည်းဆုံးထားရှိရမည့် အရန်ငွေလိုအပ်ချက် (Minimum Reserve Requirement) အား အနည်းဆုံး ၁.၅% (150 bps) လျှော့ချရန်။ | ဆောင်ရွက်ပြီး | မြန်မာနိုင်ငံတော် ဗဟိုဘဏ် |
| ၁.၁.၃.ချေးငွေလေလံ(Credit Auctions) စနစ်ကျင့်သုံးခြင်း | (က)ချေးငွေလေလံ (credit auctions) စနစ်ကျင့်သုံးခြင်းဖြင့် ဘဏ်လုပ်ငန်းကဏ္ဍနှင့် ဘဏ္ဍာရေးကဏ္ဍများတွင် လိုအပ်သော ငွေကြေးစီးဝင်မှုနှင့် ငွေဖြစ်လွယ်မှုကို ရရှိစေရန်။ | ချက်ချင်း | မြန်မာနိုင်ငံတော် ဗဟိုဘဏ် |
| ၁.၁.၄ ဘဏ္ဍာရေးလိုငွေကို ဗဟိုဘဏ်က ဖြည့်ဆည်းပေးရန် ဆောင်ရွက်ခြင်း | (က)ကိုဗစ်-၁၉ စီမံချက်အနေဖြင့် ရည်မှန်းထားသည့် Money Supply တိုးလာမှုနှင့် လိုက်လျောညီထွေရှိသည့် သင့်တော်သောအဆင့်အထိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဘဏ္ဍာရေးလိုငွေ ဖြည့်ဆည်းမှုကိုမြှင့်တင်ရန်။ | ၂၀၂၀ ပြည့်နှစ် နှစ်ကုန် | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် |
| ၁.၁.၅ ငွေတိုက်စာချုပ်၊ ငွေတိုက်လက်မှတ်၊ လေလံတင်ရောင်းချမှု (Treasury Bond/Bill auction) များကို လျှော့ချခြင်း | (က)ကိုဗစ်-၁၉ ကိုတုံ့ပြန်သည့်အနေဖြင့် Contractionary effect ကို ရှောင်ရှားနိုင်ရေးအတွက် ဘဏ္ဍာရေးလိုငွေ ဖြည့်ဆည်းရန် ဆောင်ရွက်သောငွေတိုက်စာချုပ်၊ ငွေတိုက်လက်မှတ်များ လေလံတင်ရောင်းချမှုကို ယာယီလျှော့ချရန်။ | ၂၀၂၀ ပြည့်နှစ် မကုန်မီ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် |
| **ပန်းတိုင်(၂)- ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် ဘဏ်လုပ်ငန်းကဏ္ဍများ ပိုမိုလွယ်ကူချောမွေ့စေခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍအပေါ် သက်ရောက်မှုများလျှော့နည်းစေခြင်း** | | | |
| **၂.၁. ပုဂ္ဂလိကကဏ္ဍရှိလုပ်ငန်းများအပေါ်သက်ရောက်မှုများလျှော့နည်းစေခြင်း** | | | |
| ၂.၁.၁. အတိုးနှုန်း သက်သာသည့် ချေးငွေ ထုတ်ချေးခြင်း (အစိုးရ၏ အသုံးစရိတ် ပိုမိုသုံးစွဲခြင်း) | (က)လုပ်ငန်းလည်ပတ်ငွေအဖြစ် စီးပွားရေးထိခိုက်မှု အများဆုံးခံစားရသည့် အထည်ချုပ်လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို(၁)နှစ်လျှင် အတိုးနှုန်း ၁ % ဖြင့် လုပ်ငန်းလည်ပတ်ငွေ ၁ နှစ် ထုတ်ချေးနိုင်ရန်အတွက် ကျပ် ဘီလီယံ ၁၀၀ လျာထား ထောက်ပံ့သွားရန်။ | ဆောင်ရွက်ပြီး | ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)၊ COVID-19 လုပ်ငန်းအဖွဲ့ |
| | (ခ)အသေးစားချေးငွေလုပ်ငန်းများအနေဖြင့် အတိုးနှုန်းသက်သာသည့် ချေးငွေများ ရရှိစေရန်။ | ချက်ချင်း | ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန) |
| | (ဂ) ဈေးကွက်အခြေအနေပေါ်မူတည်၍ ရန်ပုံငွေပမာဏကို ကျပ်ဘီလီယံ ၂၀၀ မှ ၅၀၀ အထိ တိုးမြှင့်သွားရန်။ | ၂၀၂၀ ပြည့်နှစ် မကုန်မီ | -ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)<br>-COVID-19 လုပ်ငန်းအဖွဲ့ |

| လုပ်ငန်းအစီအစဉ် | | အချိန်ကာလ | ဆောင်ရွက်ရမည့် အဖွဲ့အစည်း |
|---|---|---|---|
| | (ဃ)မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ ပေါင်းစည်းခြင်းကို မြန်မြန်ဆန်ဆန် ဆောင်ရွက်ပြီးစီးပွားရေးအရ ထိခိုက်မှုအများဆုံးခံစားရသည့်မြို့နယ်များတွင်ရှေ့ပြေးဆောင်ရွက် လျက်ရှိသည့် ချေးငွေအစီအစဉ်များ တိုးချဲ့ထုတ်ချေးနိုင်ရေး ဆောင်ရွက်သွားရန်။ | ၂၀၂၀ ပြည့်နှစ် မကုန်မီ | စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန |
| ၂.၁.၂ချေးငွေ အာမခံခြင်း | (က)အစိုးရအနေဖြင့် ဘဏ်များက မြန်မာလုပ်ငန်းရှင်များ (လုပ်ငန်းစဉ် ၂.၁.၁ တွင် ပါရှိသည့် လုပ်ငန်းများ မပါဝင်သည့် လုပ်ငန်းများ) သို့ လုပ်ငန်းဆောင်ရွက်ရန် ထုတ်ချေးသွားမည့် ချေးငွေအသစ်များ၏ ၅၀% ကို အာမခံသွားရန်။ (အဆိုပါ လုပ်ငန်းရှင်များအနေဖြင့် လက်ရှိဝန်ထမ်းများကို ဆက်လက်ခန့်ထားခြင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ တာဝန်ထမ်းဆောင်ခဲ့သော အလုပ်သမားများကို ပြန်လည်ခန့်အပ်ပေးခြင်းတို့ ဆောင်ရွက် ပေးရပါမည်။) | ၂၀၂၀ ပြည့်နှစ် မကုန်မီ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန |
| | (ခ) လက်ရှိလည်ပတ်နေသော(သို့)အသစ်ဆောင်ရွက်မည့် လုပ်ငန်းများ အနေဖြင့် စီးပွားရေးတိုးတက်မှုကို ဖြစ်ထွန်းစေမည့် သတ်မှတ် ကဏ္ဍများတွင် လုပ်ငန်းဆောင်ရွက်ပြီး အဆိုပါလုပ်ငန်းသည် COVID-19 ကြောင့် သက်ရောက်မှုများ ခံစားရပါက အစိုးရအနေ ဖြင့် ချေးငွေအာမခံချက်များပေးသွားရန်။ | ၂၀၂၀ ပြည့်နှစ် မကုန်မီ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန |
| ၂.၁.၃အခွန်/ အခကြေးငွေ ပေးဆောင်ရမှုကို ရွှေ့ဆိုင်းခြင်း (သို့) ကင်းလွတ်ခွင့် ပေးခြင်း | (က) ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးမည့် ဒုတိယ သုံးလပတ်အတွက် လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ကုန်ဆုံးမည့် တတိယ သုံးလပတ်အတွက် လည်းကောင်း သုံးလတစ်ကြိမ် ပေးဆောင်ရမည့် ဝင်ငွေခွန်များကို စက်တင်ဘာလ ၃၀ ရက်နေ့အထိ ပေးဆောင်နိုင်ရန်။ | ဆောင်ရွက်ပြီး | ပြည်တွင်းအခွန်များ ဦးစီးဌာန (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန) |
| | (ခ) သုံးလတစ်ကြိမ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်များကို စက်တင်ဘာလ ၃၀ ရက်နေ့အထိ ပေးဆောင်နိုင်ရန်။ | ဆောင်ရွက်ပြီး | ပြည်တွင်းအခွန်များ ဦးစီးဌာန (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန) |
| | (ဂ)ပို့ကုန်လုပ်ငန်းများပေါ်တွင် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂% ကင်းလွတ်ခွင့်ပေးရန်။ | ဆောင်ရွက်ပြီး | ပြည်တွင်းအခွန်များ ဦးစီးဌာန (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန) |
| | (ဃ)ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကကောက်ခံသည့်နှစ်စဉ် ကြေးများကင်းလွတ်ခွင့်ပေးရန်။ | ဆောင်ရွက်ပြီး | ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန |
| | (င) လူမှုဖူလုံရေးရန်ပုံငွေထည့်ဝင်ခြင်းကို ၃ လရွှေ့ဆိုင်းပေးရန်။ | ဆောင်ရွက်ပြီး | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန |
| | (စ) COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် တင်သွင်း လာသည့် ဆေးပစ္စည်း ကိရိယာများအပေါ် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ပေးရန်။ | ချက်ချင်း | ပြည်တွင်းအခွန်များ ဦးစီးဌာန (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန) |
| | (ဆ) COVID-19 ကာကွယ်၊ထိန်းချုပ်၊ကုသရေးနှင့် စပ်လျဉ်းသည့် ဆေး ပစ္စည်းကိရိယာများအပေါ် ကုန်သွယ်ခွန်နှင့် အကောက်ခွန် ကင်း လွတ်ခွင့်ပေးရန်။ | ချက်ချင်း | အကောက်ခွန်ဦးစီး ဌာန (စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန) |

| လုပ်ငန်းအစီအစဉ် | | အချိန်ကာလ | ဆောင်ရွက်ရမည့် အဖွဲ့အစည်း |
|---|---|---|---|
| | (ဇ) ကုန်တင်ယာဉ်များအပေါ် လမ်းဖြတ်သန်းခနှင့် တံတားဖြတ်သန်းခ များ သက်သာခွင့်(သို့) ကင်းလွတ်ခွင့်ပြုရန်။ | အမြန်ဆုံး ဆောင်ရွက်ရန် | ဆောက်လုပ်ရေး ဝန်ကြီးဌာန |
| ၂.၁.၄ထိခိုက်ခံရသောလုပ်ငန်း များ၏ ငှားရမ်းခများ ကင်းလွတ်ခွင့်ပြုခြင်း | (က)လွန်ခဲ့သော ၃ လအတွင်း ပုံမှန်ငှားရမ်းခများ ပေးချေထားပြီး လုပ်ငန်းကောင်းမွန်စွာ လည်ပတ်လျက်ရှိသည့် နိုင်ငံပိုင်စက်ရုံများကို ငှားရမ်း ဆောင်ရွက်သည့် စက်မှုလုပ်ငန်းများ၏ ငှားရမ်းခများကို ၃လမှ ၆လ အထိ ကင်းလွတ်ခွင့်ပြုရန်။ | ချက်ချင်း | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန |
| ၂.၁.၅အခွန်ဆိုင်ရာကြေးမြီ များ | (က) လုပ်ခလစာအပိုပေးရမှုပေါ်အခြေခံ၍ non-refundable tax credits ကို ၁၀% ပေးရန်။ | အမြန်ဆုံးဆောင် ရွက်ရန် | ပြည်တွင်းအခွန်များ ဦးစီးဌာန (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန) |
| | (ခ)လစာစရိတ်၏ ၁၂၅% နှင့် ညီမျှသည့် ပမာဏကို လစာစရိတ်အဖြစ် နှုတ်ယူ၍ ဝင်ငွေခွန်တွက်ချက် ပေးဆောင်ခွင့်ပြုရန်။ | အမြန်ဆုံးဆောင် ရွက်ရန် | ပြည်တွင်းအခွန်များဦး စီးဌာန (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန) |
| | (ဂ)ထပ်တိုးရင်းနှီးမြှုပ်နှံမှုများအတွက် non-refundable tax credits ကို ၁၀% ထားရှိရန်။ | အမြန်ဆုံးဆောင် ရွက်ရန် | ပြည်တွင်းအခွန်များ ဦးစီးဌာန (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန) |
| | (ဃ)လက်ရှိ ဘဏ္ဍာနှစ်အတွက် တန်ဖိုးလျော့တွက်ခြင်း၏ ၁၂၅% နှင့်ညီမျှသော အလျော့တွက်ကို ၁ ကြိမ်နှုတ်ယူခွင့်ပြုရန်။ | အမြန်ဆုံးဆောင် ရွက်ရန် | ပြည်တွင်းအခွန်များ ဦးစီးဌာန (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန) |
| ၂.၁.၆. ချေးငွေပြန်လည် ပေးဆပ်ရမည့် ကာလကို တိုးမြှင့်သတ်မှတ်ပေးခြင်း | (က)လွန်ခဲ့သော ၃ နှစ်အတွင်း အရင်းနှင့် အတိုးပုံမှန် ပေးဆပ်ခဲ့သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများမှ ချေးယူထားသော ချေးငွေများကို Restructure/reschedule ပြုလုပ်ခွင့်ပေးခြင်းဖြင့် ပြန်လည်ပေးဆပ်ရမည့် ကာလ၊ အတိုးနှုန်း စသည်တို့ကို ဘဏ်များအနေဖြင့် ပြန်လည်သတ်မှတ်နိုင်ခွင့်ပေးရန်။ | ဆောင်ရွက်ပြီး | မြန်မာနိုင်ငံတော် ဗဟိုဘဏ် |
| ၂.၁.၇.တောင်သူ လယ်သမား များ၊အသေးစားသီးနှံစိုက်ပျိုး ထုတ်လုပ်သူများအား ပံ့ပိုး ပေးခြင်း | (က) COVID-19 သတင်းအချက်အလက်များဖြန့်ဝေရေးလှုံ့ဆော်မှု အစီအစဉ်များကို ထောက်ပံ့ပေးရန်။ | ချက်ချင်း | စိုက်ပျိုးရေး၊မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီး ဌာန |
| | (ခ) ရောင်းအားကျဆင်း၍ ဝင်ငွေမရှိသော သို့မဟုတ် ပုံမှန်ပြည်ပငွေလွှဲများမရရှိတော့သည့် အသေးစား တောင်သူ လယ်သမားများ အနေဖြင့် မိုးရာသီစိုက်ပျိုးချိန်အမီ လိုအပ်သည့် စိုက်ပျိုးရေး သွင်းအားစုများ ဝယ်ယူနိုင်ရန် ငွေကြေး (သို့) ချေးငွေများ ထောက်ပံ့ပေးရန်။ | ချက်ချင်း | စိုက်ပျိုးရေး၊မွေးမြူရေး နှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် |
| | (ဂ) ဈေးကွက်ချိတ်ဆက်နိုင်ရေးနှင့် ထုတ်ကုန်တိုးမြှင့်ထုတ်လုပ် နိုင်ရေး အကြံပြုချက်များ ပံ့ပိုးသွားရန်။ | ၂၀၂၀ ပြည့်နှစ် မကုန်မီ | စိုက်ပျိုးရေး၊မွေးမြူရေး နှင့်ဆည်မြောင်း ဝန်ကြီးဌာန |
| | (ဃ)Covid-19 အလွန်ကာလတွင် ပြန်လည်ထူထောင်နိုင်ရေး အတွက် ကျေးလက်ဒေသတွင်း Cash-for-work အစီအစဉ်များ ဝင်ငွေ ရရှိမည့် အလုပ်အကိုင်များ ဖန်တီးပေးရန်။ | ၂၀၂၀ ပြည့်နှစ် မကုန်မီ | စိုက်ပျိုးရေး၊မွေးမြူရေး နှင့်ဆည်မြောင်း ဝန်ကြီးဌာန |

| လုပ်ငန်းအစီအစဉ် | | အချိန်ကာလ | ဆောင်ရွက်ရမည့် အဖွဲ့အစည်း |
|---|---|---|---|
| **၂.၂. ဘဏ်လုပ်ငန်းကဏ္ဍအပေါ်ဆိုးကျိုးသက်ရောက်မှုများလျော့နည်းစေခြင်း** | | | |
| ၂.၂.၁.ဘဏ်များ၏ရင်းနှီးငွေ လုံလောက်မှုအတွက် ထိန်းချုပ်မှုများတွင် ပြုလွယ်ပြင်လွယ်ရှိသည့် မူဝါဒများချမှတ်ခြင်း | မတည်ရင်းနှီးငွေမပြည့်မီခြင်း၊ အရင်းအတိုးပေးဆပ်ရန် ပျက်ကွက်သော ချေးငွေများ ဖြစ်ပေါ်နေခြင်း၊ ချေးငှားသူ တစ်ဦးချင်းသို့ အများဆုံးခွင့်ပြုပမာဏထက် ကျော်လွန် ထုတ်ချေးထားသည့် ကိစ္စများအတွက် အပြည့်အဝ လိုက်နာကျင့်သုံးနိုင်ရေး ကိစ္စကို ၃ နှစ် လျှော့ပေါ့ခွင့်ပြုပေးရန်။ | ဆောင်ရွက်ပြီး | မြန်မာနိုင်ငံတော် ဗဟိုဘဏ် |
| ၂.၂.၂. ဘဏ်များအပေါ် ပြန်လည်ပေးဆပ်မှုမရှိသော ချေးငွေများ၏ သက်ရောက်မှု လျော့နည်းစေခြင်း | (က)ချေးငွေကဏ္ဍ တိုးတက်စေရန်နှင့် ဘဏ်များ၏ အခက်အခဲများ သက်သာစေရန်အတွက် ဘဏ်များရှိ အရင်းအတိုး ပေးဆပ်ရန် ပျက်ကွက်သည့် ချေးငွေများကို ၅ နှစ်မှ ၇ နှစ်အထိ လွှဲယူစီမံခန့်ခွဲမည့် အရင်းအနှီး စီမံခန့်ခွဲမှုကုမ္ပဏီ (Asset Management Company)ကို တည်ထောင်ရန်။ | အမြန်ဆုံး ဆောင်ရွက်ရန် | -စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန<br>-မြန်မာနိုင်ငံတော် ဗဟိုဘဏ် |
| **၂.၃. ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း** | | | |
| ၂.၃.၁ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုသည့် လုပ်ငန်းစဉ်များ ပိုမိုမြန်ဆန်စေခြင်း | (က)လက်ရှိတွင်ကြန့်ကြာမှုများ ကြုံတွေ့နေရသော ကောင်းမွန်သော ဂုဏ်သတင်းရှိသည့် ပုဂ္ဂလိကပိုင် လုပ်ငန်းကြီးများ၏ ရင်းနှီးမြှုပ်နှံမှုများအား ပွင့်လင်းမြင်သာစွာနှင့်မြန်ဆန်စွာ ခွင့်ပြုနိုင်ရေး လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန်။ | ချက်ချင်း | - ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊<br>-စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန |
| ၂.၃.၂.မဟာဗျူဟာကျသည့် အစိုးရ-ပုဂ္ဂလိကစီမံကိန်းများအား စီမံကိန်းဘဏ်အတွင်း ထည့်သွင်းနိုင်ရေးမြန်ဆန်စွာ ဆောင်ရွက်ခြင်း | (က) ဈေးနှုန်းပြောင်းလဲမှုနှင့် အကောင်းဆုံးရရှိနိုင်မည့်အခြေအနေများကိုစောင့်ကြည့်ပြီး ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာ စီမံကိန်းများကို အမြန်ဆုံး Solicit ပြုလုပ်၊ တင်ဒါခေါ်ယူဆောင်ရွက်ရန်။ | ၂၀၂၀ ပြည့်နှစ် မကုန်မီ | - စီမံကိန်းဘဏ္ဍာရေး နှင့်စက်မှုဝန်ကြီးဌာန၊<br>-လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန |
| | (ခ)မဟာဗျူဟာကျသည့် အခြေခံ အဆောက်အဦဆိုင်ရာ စီမံကိန်းများ မြန်ဆန်စွာ Solicit ပြုလုပ်၊ တင်ဒါခေါ်ယူ ခွင့်ပြုနိုင်ရေး စီစဉ်ဆောင်ရွက်ရန်။ | ၂၀၂၀ ပြည့်နှစ် မကုန်မီ | - စီမံကိန်း၊ ဘဏ္ဍာရေး နှင့်စက်မှုဝန်ကြီးဌာန၊<br>- လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန<br>- ဆောက်လုပ်ရေး ဝန်ကြီးဌာန |
| ၂.၃.၃ရှင်းလင်းသည့် ဝယ်ယူရေးဆိုင်ရာ လုပ်ငန်းစဉ်များ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးခြင်းဖြင့်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်း | (က)လတ်တလောတွင် အသုံးပြုခြင်း မရှိသော စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ နိုင်ငံပိုင်စက်ရုံများတွင် COVID-19 နှင့် ဆက်စပ်သည့် ဆေးပစ္စည်းများကို ထုတ်လုပ်နိုင်ရေး ရှင်းလင်းသည့် ဝယ်ယူရေးလုပ်ငန်းစဉ်များဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရန်။ | ၂၀၂၀ ပြည့်နှစ် မကုန်မီ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ |
| ၂.၃.၄. သက်ရောက်မှု မြင့်မားသည့် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးဆောင်ရွက်ခြင်း | (က) လက်ရှိအစိုးရပိုင် ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်သုံးသပ်ရန်-<br>(၁) လက်ငင်းအကျိုးကျေးဇူးရရှိနိုင်ရန် ချက်ချင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများအား ဦးစားပေး ဆောင်ရွက်ရန်။<br>(၂)ကောင်းမွန်စွာ လုပ်ငန်းလည်ပတ်လျက်ရှိပြီး အကျိုးသက်ရောက်မှုများမည့်စီမံကိန်းများကို တိုးချဲ့ဆောင်ရွက်ရန်။<br>(၃) အရင်းအမြစ်များ အသုံးပြုနိုင်ရေးအတွက် လုပ်ငန်းလည်ပတ်ခြင်းမရှိသော လုပ်ငန်းစီမံကိန်းများကို ပိတ်သိမ်းရန်/ ပြန်လည်ပြင်ဆင်ရန်။ | ချက်ချင်း | ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန) |

| လုပ်ငန်းအစီအစဉ် | | အချိန်ကာလ | ဆောင်ရွက်ရမည့် အဖွဲ့အစည်း |
|---|---|---|---|
| | (ခ) စီမံကိန်းဘဏ်အတွင်းရှိ ကျန်းမာရေး စောင့်ရှောက်မှု၊ အဓိက စီးပွားရေးဆိုင်ရာ အခြေခံ အဆောက်အဦများ၊ မဟာဗျူဟာကျပြီး ချက်ချင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အကျိုး ကျေးဇူးများစွာ ရရှိနိုင်မည့် စီမံကိန်းဘဏ်အတွင်းရှိ အစိုးရ စီမံကိန်းများ ကို ဦးစားပေး ဆောင်ရွက်ရန်။ | ချက်ချင်း | ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန(စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန) |
| **၂.၄. နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ခြင်း** | | | |
| ၂.၄.၁ကုန်သွယ်မှုမြှင့်တင် ရေး ဘဏ္ဍာငွေပံ့ပိုးခြင်း | (က)ကုန်သွယ်မှုမြှင့်တင်ရန်အတွက် ကျပ်ဘီလီယံ ၁၀၀ ကို ရန်ပုံငွေ တစ်ရပ် တည်ထောင်၍ သတ်မှတ်ထားသည့် ကူးသန်းရောင်းဝယ်ရေး ဘဏ်များ မှတစ်ဆင့် မည်သည့်ကုန်ပစ္စည်းမျိုးအတွက်မဆို Trade financing ပေး၍ဆောင်ရွက်သွားရန်။ | ၂၀၂၀ ပြည့်နှစ် မကုန်မီ | - စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာန<br>- COVID-19 လုပ်ငန်း အဖွဲ့<br>- မြန်မာနိုင်ငံတော် ဗဟိုဘဏ် |
| ၂.၄.၂သွင်းကုန်လုပ်ငန်းစဉ် များလွယ်ကူချောမွေ့စေရန် ပံ့ပိုးခြင်း | (က) COVID-19 ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးဆိုင်ရာ ဆေးဝါး ပစ္စည်းများ တင်သွင်းသည့် လုပ်ငန်းစဉ်များကို လွယ်ကူချောမွေ့ စေရေးနှင့် လျင်မြန်စွာဆောင်ရွက်နိုင်ရေး ပံ့ပိုးကူညီရန် | ချက်ချင်း | - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊<br>- အကောက်ခွန် ဦးစီးဌာန(စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန) |
| | (ခ)အခြားနိုင်ငံများ၏ FDA အတည်ပြုချက် ရရှိပြီးသော ဆေးဝါးပစ္စည်း များတင်သွင်းခြင်းအတွက် လိုအပ်သော သွင်းကုန်လိုင်စင်များနှင့် FDA ထောက်ခံချက်ရယူရခြင်း ကိစ္စရပ်များကို ဖြေလျှော့ပေးရန်။ | ချက်ချင်း | - စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊<br>- ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန |
| ၂.၄.၃. ပို့ကုန်တင်ပို့ခြင်း လုပ်ငန်းစဉ်များ လွယ်ကူ ချောမွေ့စေရန် ပံ့ပိုးခြင်း | (က) ပို့ကုန်တင်ပို့ခြင်းအတွက် လုပ်ဆောင်ရသည့် ပို့ကုန်လိုင်စင်၊ ခွင့်ပြု မိန့်လျှောက်ထားခြင်း လုပ်ငန်းစဉ်များကို ပြန်လည် သုံးသပ်ပြီး ဈေးကွက်သို့ မြန်မြန်ဆန်ဆန်ရောက်ရှိနိုင်ရေးအတွက် မလိုအပ် သော လုပ်ငန်းစဉ်များကို ဖယ်ထုတ်ပေးပြီး ကျန်းမာရေးလုံခြုံ စိတ်ချနိုင်ရေးအတွက် ဆောင်ရွက်ရန်။ | ချက်ချင်း | စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ဌာန၊ |
| | (ခ)ယခုစိုက်ပျိုးရာသီတွင် တောင်သူလယ်သမားများအား စိုက်ပျိုးရန် ဆွဲဆောင်သည့်အနေဖြင့် ဆန်စပါးပြည်ပတင်ပို့မှု လွယ်ကူ ချောမွေ့စေရေးကိုဆောင်ရွက်ပေးရန်။ | ချက်ချင်း | စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ဌာန၊ |
| **ပန်းတိုင်(၃)- အလုပ်သမားများအပေါ်ဆိုးကျိုးသက်ရောက်မှုလျော့နည်းစေရန် ဆောင်ရွက်ခြင်း** | | | |
| **၃.၁. အလုပ်သမားအပေါ်ဆိုးကျိုးသက်ရောက်မှုလျော့နည်းစေရန်ဆောင်ရွက်ခြင်း** | | | |
| ၃.၁.၁.အလုပ်သမားအကျိုးခံ စားခွင့်ဆက်လက်ခံစားခွင့် ပြုခြင်း | (က)လူမှုဖူလုံရေး ရန်ပုံငွေထည့်သွင်းထားသော အလုပ်သမားများကို အလုပ်လက်မဲ့ ဖြစ်သည့်ရက်မှစ၍ ကျန်းမာရေးစောင့်ရှောက်မှုကို ၆ လအစား ၁နှစ်သို့ တိုးမြှင့်ခံစားခွင့်ပြုရန်။ | ဆောင်ရွက်ပြီး | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန |
| | (ခ)အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်သည့် ရက်မှစ၍ ဆေးဝါးနှင့် ခရီးစရိတ် အကျိုးခံစားခွင့်ကို ၆ လအစား ၁ နှစ်သို့ တိုးမြှင့်ခံစား ခွင့်ပြုရန်။ | ဆောင်ရွက်ပြီး | အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန |

| လုပ်ငန်းအစီအစဉ် | | အချိန်ကာလ | ဆောင်ရွက်ရမည့် အဖွဲ့အစည်း |
|---|---|---|---|
| ၃.၁.၂ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည့် အခြေခံအဆောက်အဦဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ခြင်း | (က)နိုင်ငံရပ်ခြားမှ ပြန်လာသော ရွှေ့ပြောင်းလုပ်သားများ သို့မဟုတ် အလုပ်နားလိုက်ရသော အလုပ်သမားများ အတွက်အလုပ်အကိုင် ဖန်တီးပေးနိုင်မည့် အခြေခံအဆောက်အဦဆိုင်ရာ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်။ | ၂၀၂၀ ပြည့်နှစ် မကုန်မီ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန |
| **ပန်းတိုင်(၄)- အိမ်ထောင်စုများအပေါ် ဆိုးကျိုးသက်ရောက်မှု လျော့နည်းစေရန်ဆောင်ရွက်ခြင်း။** | | | |
| **၄.၁. အိမ်ထောင်စုများအပေါ် ဆိုးကျိုးသက်ရောက်မှု လျော့နည်းစေရန်ဆောင်ရွက်ခြင်း** | | | |
| ၄.၁.၁ မီတာခများ လျှော့ချပေးခြင်း | (က)အိမ်ထောင်စုများအတွက် မီတာခများကို ယူနစ် ၁၅၀ အထိ အခမဲ့ သုံးစွဲခွင့်ပြုရန်။ (သံရုံးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ မပါဝင်ပါ) | ဆောင်ရွက်ပြီး | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၄.၁.၂ ငွေကြေးနှင့် စားသောက်ကုန်ပစ္စည်းများ ပံ့ပိုးကူညီခြင်း | (က) ထိခိုက်လွယ်သည့် အိမ်ထောင်စုများနှင့် ဘေးအန္တရာယ်ကျရောက်နိုင်ခြေများသည့်ပြည်သူများအတွက် စားသောက်ကုန်များထောက်ပံ့ပေးရန်။ | ဆောင်ရွက်ပြီး | အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန) |
| | (ခ)ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် အသင်းများမှတစ်ဆင့် အရေးပေါ် ရိက္ခာများ ကူညီထောက်ပံ့ပေးရန်။ | ဆောင်ရွက်ပြီး | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| | (ဂ)ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့က မွေးဖွားသောအသက် ၂ နှစ်အောက် ကလေးသူငယ်များ ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်နှင့် လူမှုရေးပင်စင်ခံစားခွင့်ရှိသူများကို ၂ လမှ ၃ လ အထိ ခံစားခွင့်ပြုစေရန်နှင့် လူမှုရေးပင်စင်ခံစားခွင့်ပြုနိုင်မည့် အသက်အရွယ် သက်မှတ်ချက်ကို လျှော့ချရန်။ | ချက်ချင်း | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| | (ဃ)ထိခိုက်လွယ်မှု အရှိဆုံးဒေသများရှိ နေရပ်စွန့်ခွာ ပြည်သူများ အပါအဝင် ထိခိုက်လွယ်မှုနှင့် ဆိုးကျိုးသက်ရောက်မှု အများဆုံး ခံစားရသည့် အိမ်ထောင်စုများကို (မိုဘိုင်းလ်ငွေကြေး ဝန်ဆောင်မှုဖြင့်) ငွေကြေးထောက်ပံ့ပေးရန် (သင့်လျော်သည့် ပမာဏတစ်ခုဖြင့် စတင်ရန်)။ | ၂၀၂၀ ပြည့်နှစ် မကုန်မီ | - စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊<br>- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန)<br>- လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထား ရေး ဝန်ကြီးဌာန |
